တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ (၁၀-၁၁-၂၀၂၆)

မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက်အကျဉ်းချုပ်

စဉ်	မေးခွန်း	အဖြေ
၁	**ဒေါက်တာမျိုးထွန်း၊ လားရှိုးမဲဆန္ဒနယ်**က လားရှိုးမြို့၊ ကောက်ကွေ့ရေလှောင်တမံ၏ မြောင်းနှင့် မြောင်းပေါင်များအား မည်သည့် ဘဏ္ဍာနှစ်တွင် ပြုပြင်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** က ထိခိုက်ပျက်စီးနေသည့် မြောင်းအပိုင်း (၂) ခုအား မြေဖို့ခြင်း၊ လိုင်နင်စီခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၂	**ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်**က ရန်ကုန်-ပြည် DEMU မီးရထားအား သဲကုန်းမြို့နယ်၊ ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန် အစီအစဉ်ရှိ မရှိ မေးမြန်းပါသည်။	**ပို့ဆောင်ရေးဝန်ကြီးဌာန** က ပြေးဆွဲချိန် (၆) မိနစ် ထပ်မံကြာမြင့်မည်ဖြစ်၍ DEMU လူစီးအမြန်ရထားအား ပုတီးကုန်းဘူတာတွင် ရပ်တန့်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားပါသည်။
၃	**ဦးမင်းခန့်ကျော်၊ ပဲခူးမဲဆန္ဒနယ်**က ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင် မှတ်ပုံတင်ထားရှိသော မော်တော်ယာဉ်များကို ရန်ကုန်တိုင်း အတွင်းရှိ ပြည်သူများ၏ လိပ်စာအတိုင်းပြန်လည်ခွင့်ပြုပေးရန် မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပို့ဆောင်ရေးဝန်ကြီးဌာန** က ရန်ကုန်လိပ်စာဖြင့် မှတ်ပုံတင်ထားသည့် ယာဉ်အား ဖျက်သိမ်း၍ အစားထိုးသည့်ယာဉ်၊ ပြည်တွင်းထုတ် (CKD/SKD) ယာဉ်၊ လျှပ်စစ်သုံးတက္ကစီနှင့် ခရီးသည်တင်ယာဉ်များကို အထူးကိစ္စတစ်ရပ်အနေဖြင့်သာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း	အဖြေ
၄	**ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်**က ရန်ကုန်-မန္တလေး-တောင်ကြီး-မော်လမြိုင်အပါအဝင် တစ်နိုင်ငံလုံးရှိ တရားမဝင် နိုင်ငံခြားသားများအား စစ်ဆေးရန်နှင့် မူရင်းနိုင်ငံသို့ပြန်ပို့ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က ဗီဇာစည်းကမ်းဖောက်ဖျက်သည့် နိုင်ငံခြားသားများနှင့် ခိုးဝင်နိုင်ငံခြားသားများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းနှင့် ပြည်နှင်ခြင်းတို့ကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။
၅	**ဦးရားနီ၊ ပူတာအိုမဲဆန္ဒနယ်**က ပူတာအိုမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနရုံးအား အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန** က မြို့နယ်ဦးစီးမှူးရုံးတည်ဆောက်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၏ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။